UNHCR
The UN Refugee Agency

# THAILAND

30 October – 17 November 2015

## MEDIA MONITORING REPORT #137

## ငြိမ်းချမ်းရေးနှင့်ပြန်လည်ရင်ကြားစေ့ရေး

### အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်စစ်ဆေးခြင်းများ၌လူထုပူးပေါင်းပါ ဝင်မှုသည်အရေးပါ

The New Light of Myanmar, 30 October 2015

ယမန်နေ့ကရန်ကုန်မြို့ရှိမြန်မာ့ငြိမ်းချမ်းရေးစင်တာ၌ပြုလုပ်သောပစ်ခတ်တိုက်ခတ်မှုပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)အစည်းအဝေးပြီးဆုံးသည့်နောက်ပိုင်းတွင်ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင်အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်စစ်ဆေးရေးလုပ်ဆောင်မှုများ၌လူထုမှတစိတ်တပိုင်းအနေဖြင့်ပါ ဝင်ကြရန်အတွက်တိုက်တွန်းသွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။ပစ်ခတ်တိုက်ခတ်မှုပူးတွဲစောင့်ကြည့်ရေးလုပ်ငန်းစဉ်များသည်လက်မှတ်ရေးထိုးသည့်အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့အတွက်သာမကပဲပြည်သူလူထုအတွက်ပါဖြစ်ကြောင်းငြိမ်းချမ်းရေးနှင့်ဆွေးနွေးရေးပြည်ထောင်စုအင်စတီကျူ့မှမန်နေဂျင်းဒါ ရိုက်တာဖြစ်သူဦးခွန်စိုင်းကပြောခဲ့သည်။အစည်းအ



ဝေးတက်ရောက်ခဲ့သူမန်နေဂျင်းဒါ ရိုက်တာတစ်ဦးမှလည်းလုပ်ငန်းစဉ်များတွင်လူထုအများအပြားပါ ဝင်ခြင်း၏အရေးကြီးပုံကိုမီးမောင်းထိုးပြခဲ့သည်။အဖွဲ့များအတွင်းပဋိပက္ခဖြစ်နိုင်ခြေများကိုကာကွယ်နိုင်ရမည်ဖြစ်ကြောင်း၎င်းကပြောခဲ့သည်။စောင့်ကြည့်ရေးလုပ်ဆောင်မှုအောင်မြင်စွာအကောင်အထည်ဖော်ဆောင်နိုင်ခြင်းမှတဆင့်ယုံကြည်မှုတည်ဆောက်နိုင်ခြင်းသည်မကြာသေးမီကဖြစ်ပွားနေသည့်တိုက်ပွဲများကိုအဆုံးသတ်နိုင်ရန်အတွက်ဥပမာကောင်းတစ်ခုအဖြစ်ဆောင်ယူလိမ့်မည်ဖြစ်ကြောင်းသူကထပ်ပေါင်းပြောကြားခဲ့သည်။အစည်းအဝေးတက်ရောက်ခဲ့သူဖြစ်သည့်မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦးမှဆလိုင်းရော်အောင်ကလည်းအခြားအဖွဲ့များနည်းတူလက်မှတ်ရေးထိုးသည့်အဖွဲ့များ၏ကိုယ်စားလှယ်များဖြင့်ပြည်ထောင်စု၊ပြည်နယ်နှင့်ဒေသကြီးပူးတွဲစောင့်ကြည့်ရေးကော်မတီကိုဖွဲ့စည်းမည်ဖြစ်ကြောင်းပြောခဲ့သည်။အပစ်အခတ်ရပ်စဲရာတွင်မည်သို့မည်ပုံလိုက်နာရမည်ဆိုသည်များနှင့်ပတ်သက်၍ကျင့်ဝတ်စည်းမျဉ်းများကိုနှစ်ဖက်စလုံးမှတပ်များအားညွှန်ကြားထားသည်၊ထိုနည်းတူစွာပင်၎င်းကိုမြန်မာဘာသာနှင့်တိုင်းရင်းသားဘာသာစကားတို့ဖြင့်ရေးသားပြုစုမည်ဖြစ်ပြီးစကားလုံးရွေးချယ်ခြင်းများနှင့်ရုပ်ပုံထည့်သွင်းဖော်ပြခြင်းများကိုသာမန်လူများနားလည်မည့်အသုံးအနှုန်းဖြင့်သာအသုံးပြုမည်ဖြစ်သည်။အောက်တိုဘာလ(၁၅)ရက်နေ့တွင်လက်မှတ်ရေးထိုးခဲ့သည့်သဘောတူစာချုပ်အရဤလုပ်ငန်းဆောင်တာများကိုလက်မှတ်ရေးထိုးပြီးသည့်ဦးဆုံးရက်(၃၀)အတွင်းအပြီးသတ်လုပ်ဆောင်မည်ဖြစ်သည်။

**Link:** http://www.myanmargeneva.org/Newspaper/2015%20October/30_Oct%2015_gnlm.pdf

## နိုင်ငံရေးဆွေးနွေးပွဲအတွက်မူဘောင်ရေးဆွဲမည်

Business Standard, 17 November 2015

နိုင်ငံတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစိတ်တပိုင်းအနေဖြင့်နိုင်ငံရေးဆိုင်ရာဆွေးနွေးပွဲကျင်းပပြုလုပ်ရန်အတွက်မူဘောင်ရေးဆွဲမှုများစတင်ဆောင်ရွက်နိုင်မည့်မြန်မာ့ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုပူးတွဲကော်မတီ(UPDJC)ကိုဖွဲ့စည်းရန်စီစဉ်နေသည်ဟုတာဝန်ရှိသူများကအင်္ဂါနေ့တွင်ပြောကြားခဲ့သည်။



UPDJCတွင်အစိုးရ၊တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်နိုင်ငံရေးပါတီများစသည်တို့မှကိုယ်စားလှယ်(၁၆)ဦးပါဝင်ပြီးနိုဝင်ဘာလ(၂၄)ရက်နေ့တွင်တွေ့ဆုံရန်သတ်မှတ်ခဲ့သည်ဟုအစိုးရပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီ(UPWC) မှဒုတိယဥက္ကဌဖြစ်သူဦးအောင်မင်းကတစ်နိုင်ငံလုံးဆိုင်ရာပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်အကောင်အထည်ဖော်မှုဆိုင်ရာဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေး(JICM)တွင်ပြောကြားခဲ့သည်။

မူဘောင်ရေးဆွဲခြင်းကိုဒီဇင်ဘာလ(၁၄)ရက်နေ့မတိုင်မီစတင်ရန်မျှော်မှန်းထားပြီးနိုင်ငံရေးဆွေးနွေးပွဲကြီးကိုနောင်နှစ်ဇန်နဝါရီလ(၁၄)ရက်နေ့မတိုင်မီစတင်ရန်မျှော်မှန်းထားသည်ဟုရှင်ဟွာသတင်းဌာနကအစီရင်ခံခဲ့သည်။

**Link:** http://www.business-standard.com/article/news-ians/myanmar-to-draft-framework-for-holding-political-dialogue-115111700775_1.html

## စစ်ဖြစ်ပွားနေသောနေရာများတွင်အကူအညီပိုမိုရရှိရန်UN ကြိုးပမ်း

Myanmar Times, 17 November 2015

ကုလသမဂ္ဂမှအချက်အချာကျသောရှမ်းပြည်နယ်အလယ်ပိုင်းရှိတိုက်ပွဲဖြစ်ပွားနေသောနေရာများ၌လူသားချင်းစာနာထောက်ထားမှုများပေးရာတွင်ခွင့်ပြုပေးရန်အတွက်သက်ဆိုင်ရာတာဝန်ရှိသူများထံတောင်းဆိုခဲ့သည်။တပ်မတော်မှထိုးစစ်ဆင်ပြီးဝေဟင်တိုက်ခိုက်မှုများကြောင့်ထိုဒေသများရှိပြည်သူလူထု(၇၀၀၀)ခန့်သည်ထွက်ပြေးတိမ်းရှောင်နေခဲ့ရသည်ဟုဒေသတွင်းအကူအညီပေးရေးဆိုင်ရာလုပ်သားများမှပြောပြကြသည်။



ယမန်နေ့ကထုတ်ပြန်သည့်ကြေငြာချက်၌UNမှ"ထိခိုက်ခံရသည့်ဒေသများတွင်ကာကွယ်ပေးရေးဆိုင်ရာကိစ္စများနှင့်ပတ်သက်၍စိုးရိမ်ပူပန်မှုများကိုအဆက်မပြတ်တင်ပြပေးလျက်ရှိပြီးလူသားချင်းဆိုင်ရာစာနာထောက်ထားမှုအကူအညီများရရှိရေးအတွက်လည်းတိုက်တွန်းလျက်ရှိကြောင်း"ကိုUNအထွေထွေအတွင်းရေးမှူးဘန်ကီမွန်း၏ပြောရေးဆိုခွင့်ရှိသူနယူး ယောက်မှလာသူတစ်ဦးကပြောခဲ့သည်။

ရန်ကုန်ရှိ UN ရုံးမှလူသားချင်းစာနာထောက်ထားမှုရေးရာဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ပြောရေးဆိုခွင့်ရှိသူ Pierre Peron မှ UN နှင့်၎င်း၏လုပ်ဖော်ကိုင်ဖက်များသည်နယ်မြေဒေသရှိဒေသတွင်းအဖွဲ့များထံသို့တကိုယ်ရေအသုံးအဆောင်ပစ္စည်းများ၊အဝတ်အထည်များ၊အစားအစာများ၊ဆေးဝါးများ၊အမိုးအကာများနှင့်ရေနှင့်ရောဂါ ကာကွယ်ရန်သန့်ရှင်းရေးပစ္စည်းများစသည်တို့ကိုပံ့ပိုးကူညီပေးနေသည်ဟုပြောကြားခဲ့သည်။

**Link:** http://www.mmtimes.com/index.php/national-news/17648-un-seeks-more-access-to-conflict-zone.html

# တရားဥပဒေနှင့်အုပ်ချုပ်မှု

## နိုင်ငံရေးအကျဉ်းသားများမှသည်နိုင်ငံရေးရုံးခန်းများဆီသို့

The Irrawaddy, 17 November 2015

၂၀၁၆ခုနှစ်၌အမျိုးသားဒီမိုကရေစီအဖွဲ့သည်နောင်လာမည့်အစိုးရကိုဖွဲ့စည်းမည်သာမကနောင်လာမည့်လွှတ်တော်တွင်လည်းနိုင်ငံရေးအကျဉ်းသား(၁၀၀)ကျော်ကိုငင်းတို့၏သက်ဆိုင်ရာအဆင့်နေရာများအလိုက်တွေ့မြင်ရတော့မည်ဖြစ်သည်။



မြန်မာနိုင်ငံ၏နိုဝင်ဘာလ(၈)ရက်နေ့ရွေးကောက်ပွဲတွင်အတိုက်အခံပါ တီဖြစ်သည့်အမျိုးသားဒီမိုကရေစီအဖွဲ့(NLD)မှအပြတ်အသတ်အနိုင်ရရှိသော်လည်းရလဒ်သည်အကြောင်းပြချက်များစွာဖြင့်သမိုင်းဝင်ခဲ့သည်။ယနေ့ထိကိုယ်စားလှယ်လောင်း(၁၁၃၉)ဦးကိုအနိုင်ရသူအဖြစ် ကြေငြာခဲ့သည်၊ကိုယ်စားလှယ်လောင်း(၁၁၀)ဦး(သို့မဟုတ်)၁၀ရာခိုင်နှုန်းဝန်းကျင်သည်အကျဉ်းထောင်များထဲတွင်နိုင်ငံရေးအကျဉ်းသားအဖြစ်နှစ်ပေါင်းများစွာကုန်ဆုံးခဲ့ရသည်။

ငင်းတို့၏နိုင်ငံရေးလှုပ်ရှားမှုများကြောင့်အကျဉ်းထောင်များထဲတွင်ငင်းတို့၏အချိန်များကိုကုန်ဆုံးခဲ့ရသူအများအပြားသည်နိုင်ငံရေးယုံကြည်မှုကြောင့်ဖမ်းဆီးခံရသောနိုင်ငံရေးအကျဉ်းသားများအားအကျဉ်းချခြင်းကိုအဆုံးသတ်နိုင်ဖို့တောင်းဆိုမှုပြုလုပ်ရန်အတွက်နေပြည်တော်၌ငင်းတို့၏နိုင်ငံရေးဆိုင်ရာလမ်းစဉ်သစ်များကိုအသုံးပြုရန်စီစဉ်ထားသည်။

**Link:** http://www.irrawaddy.org/election/news/from-political-prisoner-to-political-office

## ရွေးကောက်ပွဲမတိုင်မီကရှိနှင့်နေသောလက်ရှိဥပဒေရေးဆွဲသူများကိုမျှမျှတတလုပ်ဆောင်ရန်လွှတ်တော်ပြောရေးဆိုခွင့်ရှိသူမှတိုက်တွန်း

Radio Free Asia, 16 November 2015

လာမည့်နှစ်၌နောက်တက်လာမည့်သမ္မတမှကျမ်းကျိန်သစ္စာဆိုခြင်းမတိုင်မီဥပဒေပြုလွှတ်တော်မှငင်းတို့၏နောက်ဆုံးအကြိမ်လွှတ်တော်အခန်းကဏ္ဍအစည်းအဝေးပြန် လည်ကျင်းပနေစဉ်တွင်မြန်မာ့လွှတ်တော်ပြောရေးဆိုခွင့်ရှိသူဦးရွှေမန်းမှပြီးခဲ့သည့်ရက်သတ္တပတ်တွင်ပြုလုပ်ခဲ့သောရွေးကောက်ပွဲ၌ငင်းတို့နေရာဆုံးရှုံးခဲ့ရသောဥပဒေရေးဆွဲသူများအားမျှမျှတတလုပ်ဆောင်ရန်နှင့်ငင်းတို့၏လုပ်ငန်း တာဝန်များကိုဆက်လက်လုပ်ဆောင်ကြရန်တနင်္လာနေ့၌တိုက်တွန်းပြောကြားခဲ့သည်။"ကျွန်တော်အပါအဝင်လွှတ်တော်အမတ်များစုကလွှတ်တော်ကိုပြန်လာဖို့အကြောင်းပြချက်အနည်းငယ်ပဲရှိပါတော့တယ်၊ဘာကြောင့်လဲဆိုတော့ကျွန်



တော်တို့ရွေးကောက်ပွဲမှာရှုံးနိမ့်ခဲ့လို့ပါပဲ၊ကျွန်တော်တို့ဥပဒေရေးဆွဲသူအဖြစ်ကျန်ရှိနေတဲ့အချိန်ကလေးမှာနိုင်ငံအတွက်စိတ်ဝင်တစားနဲ့ပြည်သူလူထုအတွက်သစ္စာရှိရှိနဲ့မျှမျှတတလုပ်ဆောင်ရပါမယ်"ဟုနေပြည်တော်ရှိလွှတ်တော်ကျင်းပရာအချိန်တွင်ဦးရွှေမန်းကပြောကြားခဲ့သည်။အောင်မြင်သည့်ရွေးကောက်ပွဲကျင်းပနိုင်ခြင်းအပေါ်ပူးပေါင်းပါဝင်ခဲ့ကြသည့်အဖွဲ့အစည်းအားလုံးနှင့်တစ်ဦးတစ်ယောက်ချင်းစီကိုကျေးဇူးတင်ကြောင်းဦးရွှေမန်းမှပြောကြားခဲ့ပြီးအစိုးရသစ်နှင့်ဖွဲ့စည်းပုံအခြေခံဥပဒေအရလွှတ်တော်တွင်နေရာသုံးပုံတစ်ပုံအခိုင်အမာယူထားသည့်စစ်

တပ်တို့နှင့်အတူပူးပေါင်းလုပ်ဆောင်ရန်ကတိပေးခဲ့ပြီးရွေးကောက်ပွဲအလွန်တွင်တည်တည်ငြိမ်ငြိမ်အေးအေးချမ်းချမ်းရှိဖို့သေချာစေရန်ပြောကြားခဲ့သည်။

**Link:** http://www.rfa.org/english/news/myanmar/lawmakers-11162015194732.html

## စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု

### ကရင်ပြည်နယ်အဝေးပြေးလမ်းမကြီးအားအဆင့်မြှင့်တင်ရန် ADB မှကူညီမည်

Mizzima, 12 November 2015

မဟာမဲခေါင်ဒေသခွဲ(GMS)အရှေ့-အနောက်စင်္ကြံလမ်းနှင့်ချိတ်ဆက်မှုပြတ်နေသည့်ကရင်ပြည်နယ်ရှိကော့ကရိတ်နှင့်အိန္ဒူမြို့ကိုဆက်သွယ်ပေးထားသည့်(၆၆.၄)ကီလိုမီတာအကွာအဝေးရှိသောလမ်းမကြီးအားပိုမိုကောင်းမွန်အောင်တိုးချဲ့ပြုလုပ်ရန်အတွက်အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ်(ADB)မှချေးငွေဒေါ်လာ(၁၀၀)မီလီယံချေးမည်ဖြစ်ကြောင်းအတည်ပြုလိုက်သည်ဟုနိုဝင်ဘာလ(၁၂)ရက်နေ့ထုတ်ပြန်ကြေငြာချက်တွင်ADBမှ ပြောကြားခဲ့သည်။




"ကရင်လူထုဟာရာစုနှစ်များစွာဖြစ်ပွားနေတဲ့ပဋိပက္ခတွေရဲ့သက်ရောက်မှုဒဏ်ကိုခံနေခဲ့ရပါတယ်၊ရရှိလာတဲ့အကျိုးဆက်ကတော့အခြေခံအဆောက်အဦးတွေချို့ယွင်းနည်းပါးခဲ့ရပြီးဆင်းရဲမွဲတေမှုတွေမြင့်တက်လာခဲ့ပါတယ်။ဒါပေမယ့်နိုင်ငံမြေပြင်အခြေစိုက်ကုန်သွယ်ဖြတ်သန်းမှု(၂၅)ရာခိုင်နှုန်းရှိတဲ့ထိုင်းနိုင်ငံတလျှောက်ချိတ်ဆက်ပေးထားတဲ့အဓိကလမ်းမကြီးဟာကရင်ပြည်နယ်မှာရှိပါတယ်"ဟု ADB ၏အရှေ့တောင်အာရှဌာနမှအဓိကကျသည့်သယ်ယူပို့ဆောင်ရေးဆိုင်ရာအထူးကျွမ်းကျင်သူ James Leather ကပြောခဲ့သည်။

"မဟာမဲခေါင်အရှေ့အနောက်စင်္ကြံလမ်းရဲ့မြန်မာအပိုင်းများဖြစ်တဲ့လမ်းမကြီးချဲ့ထွင်မွမ်းမံမှုများကိုတိုးတက်ကောင်းမွန်အောင်အပြီးသတ်လုပ်ဆောင်မှာပါ။ဒီလမ်းမကြီးကနေပြည်နယ်နဲ့နိုင်ငံတော်အတွက်စီးပွားရေးအခွင့်အလမ်းကောင်းတွေပွင့်လမ်းလာမှာဖြစ်ပြီးကြီးပွားတိုးတက်ခြင်းတွေအပါ အဝင်အားလုံးကိုပံ့ပိုးကူညီသွားမှာပါ။"

**Link:** http://www.mizzima.com/development-news/adb-loan-help-upgrade-road-kayin-state-gms-corridor

## သန်းခေါင်စာရင်းနှင့်ရွေးကောက်ပွဲ

### UN အကြီးအကဲမှမြန်မာပြည်သူလူထု၏စိတ်ရှည်ခြင်း၊ သတ္တိပြည့်စုံခြင်း နှင့် တက်တက်ကြွကြွပါ ဝင်ခြင်းများအတွက်ချီးကျူးဂုဏ်ပြုစကားပြောကြား

Mizzima , 10 November 2015.

မြန်မာနိုင်ငံ၏သမိုင်းဝင်ရွေးကောက်ပွဲတွင်မြန်မာပြည်သူလူထု၏စိတ်ရှည်ခြင်း၊သတ္တိပြည့်စုံခြင်းနှင့်တက်တက်ကြွကြွပါဝင်ခဲ့ခြင်းများတွက်ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးဘန်ကီမွန်းကချီးကျူးစကားပြောကြားခဲ့ပြီးရွေးကောက်ပွဲလုပ်ငန်းစဉ်ပြီးစီးမှုတစ်လျှောက်လုံးတွင်လည်းအကျင့်ဂုဏ်သိက္ခာ၊တည်ငြိမ်မှုနှင့်အပြန်အလှန်လေးစားမှုတို့ကိုထိန်းသိမ်းသွားရန်အတွက်လည်းအဖွဲ့အစည်းအသီးသီးမှပါဝင်သူအားလုံးကိုတိုက်တွန်းခဲ့သည်ဟု UN သတင်းဌာနမှနိုဝင်ဘာလ(၉)ရက်နေ့တွင်အစီရင်ခံခဲ့သည်။မြန်မာနိုင်ငံ၏ပြည်ထောင်စုရွေးကောက်ပွဲ



ကော်မရှင်အပါ  အဝင်ပြည်နယ်မျိုးစုံ၊ဒေသမျိုးစုံနှင့်အမျိုးမျိုးသောပြည်တွင်းအဖွဲ့အစည်းများအားငင်းတို့၏အရေးပါသောလုပ်ဆောင်မှုများအတွက်လည်း UN အကြီးအကဲမှချီးကျူးခဲ့ကြောင်းကိုကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူ Stephane Dujarric ကပြောကြားခဲ့သည်။

အလွန်အရေးကြီးသည့်ဖြစ်ရပ်အတွက်ရွေးကောက်ပွဲရလဒ်များစတင်ထွက်ပေါ်လာတော့မည်ဖြစ်ကြောင်း၊မြန်မာနိုင်ငံရှိပါ  ဝင်သူအားလုံးအားရွေးကောက်ပွဲလုပ်ငန်းစဉ်ပြီးစီးမှုတစ်လျှောက်လုံးတွင်လည်းအကျင့်ဂုဏ်သိက္ခာ၊တည်ငြိမ်မှုနှင့်အပြန်အလှန်လေးစားမှုတို့ကိုထိန်းသိမ်းသွားရန်အထွေထွေအတွင်းရေးမှူးမှတိုက်တွန်းခဲ့ကြောင်းသူကပြောကြားခဲ့သည်။

**Link:** http://www.mizzima.com/news-election-2015-election-news/un-chief-congratulates-people-myanmar-%E2%80%98their-patience-dignity-and

## မြန်မာနိုင်ငံ၏ဒီမိုကရေစီလက်ခံယုံကြည်ရန်အတွက်အဆင်သင့်ဖြစ်နေမှုကိုအာဆီယံရွေးကောက်ပွဲဖောင်ဒေးရှင်းကချီးကျူး

The New Light of Myanmar, 11 November 2015

တနင်္ဂနွေနေ့၊အထွေထွေရွေးကောက်ပွဲတွင်လေ့လာခဲ့သည့်လွတ်လပ်သောရွေးကောက်ပွဲဖောင်ဒေးရှင်းအာဆီယံကွန်ယက်ကမြန်မာပြည်သူလူထုနှင့်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အားငြိမ်းငြိမ်းချမ်းချမ်းနှင့်လွတ်လပ်ပြီးတရားမျှတသောရွေးကောက်ပွဲကျင်းပနိုင်ခြင်းအတွက်ချီးကျူးခဲ့သည်။ရန်ကုန်၌ယမန်နေ့ကပြုလုပ်သော


A voter with disability by wheelchair comes back from polling station after voting in Mandalay District on

သတင်းစာရှင်းလင်းပွဲတွင်လွတ်လပ်သောရွေးကောက်ပွဲဖောင်ဒေးရှင်းအာဆီယံကွန်ယက်(ANFREL)မှဥက္ကဋ္ဌဖြစ်သူ Mr Damaso G Magbual ကမဲရုံ၌စိတ်ရှည်လက်ရှည်ငြိမ်သက်စွာဖြင့်စီတန်းနေသောမြန်မာလူထုအကြောင်းကိုကနဦးအစီရင်ခံမှုများတွင် တွေ့ခဲ့ရကြောင်း၊ ထိုသို့ဖြင့်တိုင်းပြည်ပြောင်းလဲရန်အတွက်အလေးအနက်စုပေါင်းလုပ်ဆောင်သည့်ဆန္ဒကိုလက်တွေ့ပြသခြင်းပင်ဖြစ်သည်ဟုပြောကြားခဲ့သည်။ Mr Damaso ကနိုဝင်ဘာလ(၈)ရက်နေ့ရွေးကောက်ပွဲသည်၎င်းတို့မျှော်လင့်သည်ထက်ပင်ပိုမိုသာလွန်နေပြီးတိုးတက်ကောင်းမွန်သောဒီမိုကရေစီအစိုးရဖြစ်လာစေဖို့မြန်မာနိုင်ငံအတွက်အခွင့်အလမ်းအများအပြားဆောင်ယူလာနိုင်မည်ဖြစ်ကြောင်းပြောခဲ့သည်။စည်းကမ်းနှင့်မညီညွတ်သည်များကိုတိုင်ကြားလာပါကအချိန်မီဖြေရှင်းကြရန်(UEC)နှင့်အာဏာပိုင်များကိုသူကတိုက်တွန်းခဲ့သည်။

**Link:** http://issuu.com/yelay/docs/11_nov_15_gnlm

## ရွေးကောက်ပွဲအစောပိုင်းအောင်မြင်မှုများအတွက်အောင်ဆန်းစုကြည်ထောက်ခံသူများမှဝမ်းမြောက်ဝမ်းသာဖြစ်

Bangkok Post, 10 November 2015

မြန်မာ့အတိုက်အခံခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်၏ပါတီသည်အင်္ဂါနေ့အစောပိုင်းတွင်ထုတ်ပြန်ကြေငြာခဲ့သည့်အစောပိုင်းတရားဝင်ရလဒ်များတွင်လွှမ်းမိုးထားခဲ့သည် နိုင်ငံ၏သမိုင်းဝင်ရွေးကောက်ပွဲ၌ဒုတိယညကြိုတင်မျှော်မှန်းမှုအောင်ပွဲအတွက်လမ်းများပေါ်တွင်သီချင်းသီဆိုနေကြသည့်ထောက်ခံသူများသည်အောင်မြင်ဝင့်ကြွားစိတ်များမြင့်တက်နေကြသည်။တနင်္ဂနွေနေ့ဆန္ဒမဲပေးခြင်းရေတွက်ရာမှတဆင့်ရွေးကောက်ပွဲကော်မရှင်ကြေငြာခဲ့သည့်ထွက်ရှိထားခဲ့သောရ



လဒ်များအရပြိုင်ဘက်ရာပေါင်းများစွာကိုကျော်ဖြတ်ကာအမျိုးသားဒီမိုကရေစီအဖွဲ့သည်လွှတ်တော်ကိုယ်စားလှယ် (၂၈)နေရာတွင်(၂၅)နေရာအောင်နိုင်သည့်အဖွဲ့ဖြစ်သည်၊စစ်တပ်ကျောထောက်နောက်ခံကြံ့ခိုင်ရေးပါ တီကရွေးကောက်ပွဲတွင်၎င်းတို့အနိုင်ရသည်တုန်းကထက်လွှတ်တော်နေရာကိုပိုမိုဆုံးရှုံးခဲ့ဖွယ်ရှိကြောင်းပြောခဲ့သော်လည်း ဒေါ်အောင်ဆန်းစုကြည်မှသတိရှိကြဖို့လူထုအားတိုက်တွန်းခဲ့သည်။နိုင်ငံ၏မြို့ကြီးပြကြီးများနှင့်ဗဟိုအချက်အချာ ဒေသများရှိ NLDအမာခံများထံမှအစောပိုင်းရလဒ်များရောက်လာနေကြပြီဖြစ်သည်။နောက်လာမည့်သမ္မတကိုရွေးချယ်ရန်အတွက်လွှတ်တော်တွင်(၆၇)ရာခိုင်နှုန်းအနိုင်ရရှိရန်လိုအပ်ပြီးစစ်တပ်မှလွှတ်တော်ရှိနေရာလေးပုံတစ်ပုံကိုအခိုင်အမာယူထားပြီးသားဖြစ်သည်။

**Link:** http://www.bangkokpost.com/news/asean/759296/suu-kyi-camp-rejoices-over-early-election-victories

## အာဏာလွှဲပြောင်းပေးရာတွင်ငြိမ်းငြိမ်းချမ်းချမ်းနှင့်လွယ်ကူချောမွေ့စေရန်သမ္မတမှကတိပေး

The Global New Light of Myanmar, 15 November 2015

သမ္မတဦးသိန်းစိန်မှလာမည့်အစိုးရအားမြန်မာ့ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်းသတ်မှတ်ထားသည့်အချိန်တွင်စနစ်တကျအာဏာလွှဲပြောင်းပေးမည်ဟုကတိပေးခဲ့သည်။



နိုဝင်ဘာလ(၈)ရက်နေ့အထွေထွေရွေးကောက်ပွဲပြီးသည့်အချိန်မှစ၍တနင်္ဂနွေနေ့ဦးရန်ကုန်တွင်ပြုလုပ်သည့်ပထမဦးဆုံးအကြိမ်နိုင်ငံရေးပါ တီများအစည်းအဝေးတွင်သမ္မတမှလက်ရှိအစိုးရသည်တည်ရှိနေသောဥပဒေများ၊စည်းမျဉ်းများနှင့်လုပ်ထုံးလုပ်နည်းများအတိုင်းအာဏာအားချောချောမောမောလွှဲပြောင်းပေးရန်အတွက်လုပ်ဆောင်မည်ဖြစ်ပြီးအေးအေးဆေးဆေး၊ငြိမ်းငြိမ်းချမ်းချမ်းနှင့်လွယ်ကူချောမောစွာလွှဲပြောင်းပေးဖို့ပြုလုပ်မည်ဖြစ်သောကြောင့်အာဏာလွှဲပြောင်းရေးနှင့်ပတ်သက်၍မစိုးရိမ်ကြရန်ပြောကြားခဲ့သည်။တည်ရှိသောလုပ်ထုံးလုပ်နည်းများအရသမ္မတမှနောက်ထပ်လွှတ်တော်ကျင်းပရန်အတွက်ဖိတ်စာများပေးပို့သွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။နိုင်ငံရေးပါ တီများသည်လည်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်ပါဝင်သောကြောင့်၎င်းတို့အားသမ္မတမှနိုင်ငံရေးဆွေးနွေးပွဲများတွင်ပါ ဝင်ရန်အတွက်ကြိုတင်ပြင်ဆင်မှုများပြုလုပ်ကြရန်နိုးဆော်ခဲ့သည်။

**Link:** http://globalnewlightofmyanmar.com/work-together-without-grudges-president-pledges-peaceful-smooth-power-transfer/

## ရွေးကောက်ပွဲတွင်အောင်မြင်မှုများရရှိခဲ့သည့်အတိုက်အခံပါ တီ NLD အားမြန်မာ့လက်နက်ကိုင်အဖွဲ့များမှဝမ်းမြောက်ဝမ်းသာကြိုဆို

Dpa news, 15 November 2015

အတိုက်အခံပါ တီအမျိုးသားဒီမိုကရေစီအဖွဲ့ (NLD) မှရွေးကောက်ပွဲတွင်အနိုင်ရရှိပြီးနောက်မြန်မာနိုင်ငံ၏တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့သည်နောင်လာမည့်အစိုးရနှင့်ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုများစတင်ပြုလုပ်ရန်အတွက်စိတ်အားထက်သန်နေကြသည်ဟု၎င်းတို့ကတနင်္ဂနွေနေ့တွင်ပြောကြားခဲ့သည်။



"ငြိမ်းချမ်းရေးဆွေးနွေးဖို့ကျွန်တော်တို့စိတ်အားထက်သန်နေပါ တယ်"ဟုကချင်လွတ်မြောက်ရေးတပ်မတော်မှပြောရေးဆိုခွင့်ရှိသူလနန်းကပြောခဲ့သည်။"ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်မယ့်နောင်လာမယ့်အစိုးရကိုကျွန်တော်တို့သံသယမရှိပါ ဘူး၊ကျွန်တော်တို့စစ်မှန်တဲ့ငြိမ်းချမ်းရေးတည်ဆောက်နိုင်မယ်လို့မျှော်လင့်ပါ တယ်"ဟုဒေါ်အောင်ဆန်းစုကြည်အားဂုဏ်ပြုခြင်းကိုရည်ညွှန်းကာဖုန်းဖြင့် Dpa သို့ပြောခဲ့သည်။အောက်တိုဘာလတွင်ပြုလုပ်သည့်တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးစာချုပ်တွင်(SSA)မှလက်မှတ်ရေးထိုးရန်ငြင်းဆန်ခဲ့သည်။"စာချုပ်ကတကယ့်စစ်မှန်တဲ့ငြိမ်းချမ်းရေးကိုယူဆောင်လာနိုင်လိမ့်မယ်လို့ကျွန်တော်တို့အယုံအကြည်မရှိတာကြောင့်စစ်တပ်ကကျွန်တော်တို့ကိုပြင်းပြင်းထန်ထန်ထိုးစစ်ဆင်နေတယ်လို့ကျွန်တော်ထင် ပါတယ်"ဟုအဖွဲ့၏ပိုလ်မှူးဖြစ်သူစိုးလမှ Dpa သို့ဖုန်းဖြင့်ဖြေကြားခဲ့သည်။

"ဒါပေမယ့်(NLD)ဦးဆောင်တဲ့အစိုးရသစ်နဲ့ကျွန်တော်တို့အဆင်ပြေမှာပါ။သူတို့နဲ့ဆွေးနွေးဖို့ကျွန်တော်တို့အဆင်သင့်ဖြစ်နေပါပြီ" ဟုသူကပြောခဲ့သည်။

အင်အားအကြီးဆုံးအဖွဲ့ထဲတွင်တစ်ခုအပါအဝင်ဖြစ်သည့်“ဝ”ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်ကလည်း(NLD)၏အောင်ပွဲကိုကြိုဆိုဂုဏ်ပြုကြောင်းစနေနေ့တွင်ပြောကြားခဲ့သည်။

**Link:** http://www.dpa-international.com/news/asia/myanmars-rebel-groups-welcome-election-victory-of-opposition-nld-a-47167019.html

## မြန်မာတိုင်းရင်းသားပါ တီများမှလွှတ်တော်နေရာ(၁၀၀)နီးပါးအနိုင်ရရှိထား

The Nation, 13 November 2015

အမျိုးသားဒီမိုကရေစီအဖွဲ့(NLD)နှင့်ဆက်ဆံရေးကောင်းမွန်သည့်စည်းလုံးညီညွတ်သောတိုင်းရင်းသားလူမျိုးစုနိုင်ငံရေးပါတီများမဟာမိတ်အဖွဲ့(UNA)၏တိုင်းရင်းသားလူနည်းစုပါတီများသည်အောက်လွှတ်တော်၊အထက်လွှတ်တော်နှင့်ပြည်နယ်လွှတ်တော်များတွင်နေရာ(၁၀၀)နီးပါးအနိုင်ရရှိခဲ့သည်။



Photo from: Independent Mon News Agency

UNAအဖွဲ့ဝင်များမှာရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်(SNLD)၊မွန်အမျိုးသားပါတီ(MNP)၊ရခိုင်အမျိုးသားပါတီ(ANP)၊ဇိုမီးအမျိုးသားကွန်ကရက်၊ရှမ်းပြည်နယ်ကိုးကန့်ဒီမိုကရေစီနှင့်စည်းလုံးညီညွတ်မှုပါတီ၊ကရင်အမျိုးသားပါတီ၊ကချင်အမျိုးသားဒီမိုကရေစီကွန်ကရက်နှင့်ကရင်ပြည်နယ်အမျိုးသားများဒီမိုကရေစီကွန်ကရက်ပါတီတို့ဖြစ်သည်။

**Link:** http://www.nationmultimedia.com/breakingnews/Myanmar-ethnic-parties-win-nearly-100-seats-30272884.html

## ရွေးကောက်ပွဲပြီးနောက်ပိုင်း၌ထိုင်းနိုင်ငံရှိမြန်မာဒုက္ခသည်များ၏မျှော်လင့်ချက်နဲ့သတိထားလာမှုများ

Voice of America, 17 November 2015

အမျိုးသားဒီမိုကရေစီအဖွဲ့၏နိုဝင်ဘာလ(၈)ရက်နေ့ရွေးကောက်ပွဲအနိုင်ရခြင်း၏နောက်ဆက်တွဲအရထိုင်းနိုင်ငံတွင်နေထိုင်ကြသောဒုက္ခသည်တစ်သိန်းကျော်သည်နေရပ်သို့ပြန်လည်အခြေချခြင်းနှင့်ပတ်သက်၍ပိုမိုအကောင်း

မြင်မှုများရှိလာသည်။သို့သော်လည်းမြန်မာနိုင်ငံတွင်ပဋိပက္ခကြောင့်ရာစုနှစ်များစွာကပင်ထွက်ပြေးလာခဲ့ကြသူအများအပြားသည်သတိထားနေဆဲပင်ဖြစ်သည်။



ဒုက္ခသည်အများအပြားမှာထိုင်းနိုင်ငံအနောက်ဘက်နယ်စပ်တလျှောက်ရှိတရားဝင်စခန်းအချို့တွင်နေထိုင်လျှက်ရှိကြပြီးအမိမြေသို့ပြန်ရန်အတွက်အခွင့်အရေးအနည်းငယ်သာရှိသည်ကိုတွေ့မြင်ရသည်။သို့သော်လည်း NLD ၏နိုဝင်ဘာ လ(၈)ရက်နေ့ရွေးကောက်ပွဲသည်ထိုအမြင်သဘောထားများကိုပြောင်းလဲသွားစေခဲ့သည်။စခန်းထဲရှိနေထိုင်သူအများအပြားသည်ဒေါ်အောင်ဆန်းစုကြည်အား ကြာရှည်စွာထောက်ခံခဲ့သူများဖြစ်ပြီးစစ်အစိုးရကိုပြင်းပြင်းထန်ထန်ဆန့်ကျင်ခဲ့ကြသူများဖြစ်သည်။

ဒုက္ခသည်များဆိုင်ရာကုသမဂ္ဂမဟာမင်းကြီးရုံး(UNHCR)၏ဒေသဆိုင်ရာပြောရေးဆိုခွင့်ရှိသူ Vivian Tan ကဒုက္ခသည်များမြန်မာနိုင်ငံသို့နေရပ်ပြန်ရန်အတွက်ဆုံးဖြတ်ချက်ချရာတွင်အပစ်အခတ်ရပ်စဲရေးစာချုပ်သည်အဓိကသော့ချက်ပင်ဖြစ်လိမ့်မည်ဖြစ်ကြောင်းပြောခဲ့သည်။

“တကယ်လို့သာဒါဟာဒုက္ခသည်တွေအတွက်ပိုမိုအရေးမကြီးဘူးဆိုရင်တောင်နိုင်ငံတော်ဆိုင်ရာအပစ်အခတ်ရပ်စဲရေးသဘောတူညီမှုဟာအရေးပါသင့်သလောက်အရေးပါပါတယ်၊ဘာကြောင့်လဲဆိုတော့ဒီသဘောတူညီမှုကိုဘယ်လောက်ထိလိုက်နာမှုရှိသလဲဆိုတာကိုဒုက္ခသည်တွေကတွေ့မြင်ချင်ကြပါတယ်၊ပဋိပက္ခတွေအဆုံးသတ်ပြီးသူတို့လည်းအိမ်ပြန်ပြီးသူတို့ဘဝတွေကိုပြန်လည်စတင်နိုင်မှာပါ”ဟု Tan ကပြောခဲ့သည်။

UNHCR ၏ရပ်တည်ချက်မှာဒုက္ခသည်များအတွက်နေရပ်ပြန်ခြင်းသည်မိမိဆန္ဒအလျှောက်ပြန်ခြင်းသာဖြစ်ရမည်ဖြစ်ပြီးနိုင်ငံတကာအလှူရှင်များ၏ပံ့ပိုးကူညီမှုများလည်းဆက်လက်လိုအပ်သည်ဟု Tan ကပြောခဲ့သည်။

**Link:** http://www.voanews.com/content/myanmar-refugees-in-thailand-hopeful-cautious-after-election/3061372.html

The content of the UNHCR Thailand Media Monitoring Reports does not reflect the official view or opinion of the UNHCR.

**Links:** Thailand-Myanmar Cross Border Web Portal: www.commonservice.info
Facebook: www.facebook.com/commonservice
www.facebook.com/commonserviceburmese
www.facebook.com/commonservicekaren